IIMM နဲ့ ဆက်သွယ်တဲ့အခါ
သက်သေများ ကြိုတင်သိရှိထားသင့်တဲ့ အချက်များ

IIMM က ဘယ်သူတွေလဲ၊ ဘာကြောင့်အခုလို ပြောဆိုမေးမြန်းနေတာလဲ။

IIMM က မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား ဆိုတဲ့အဖွဲ့ (IIMM ဒါမှမဟုတ် မြန်မာယန္တရား) ဖြစ်ပြီး ကုလသမဂ္ဂရဲ့ လက်အောက်ခံအဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။ IIMM ရဲ့ အဓိက အခန်းကဏ္ဍက စစ်ရာဇဝတ်မှုတွေ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ဒါမှမဟုတ် လူမျိုးပြုန်းစေမှု အစရှိတဲ့ ဆိုးရွားတဲ့ရာဇဝတ်မှုတွေကို ကျူးလွန်ခံနေရတဲ့ မြန်မာပြည်သူတွေအတွက် တရားမျှတမှုရရှိအောင် ကူညီဖို့ဖြစ်ပါတယ်။ ဒီလိုကူညီဖို့အတွက် IIMM အနေနဲ့ ရာဇဝတ်မှုတွေကို မျက်မြင်တွေ့ကြုံခဲ့တဲ့သူ ဒါမှမဟုတ် သိရှိတဲ့သူတွေနဲ့ စကားပြောဖို့ လိုအပ်ပါတယ်။

IIMM က တရားရုံး မဟုတ်သလို ရဲတပ်ဖွဲ့လည်း မဟုတ်တဲ့အတွက် ဖမ်းဆီးတာ၊ တရားစွဲဆိုတာ၊ အမှုစစ်တာတွေ လုပ်လို့မရပါဘူး။ ဒါပေမယ့် IIMM အနေနဲ့ အချက်အလက်တွေ စုဆောင်း၊ စိစစ်သုံးသပ်ပြီး လုံခြုံစွာ ထိန်းသိမ်းထားတဲ့အတွက် အကယ်၍ တရားရုံးတစ်ရုံးက ဒီအမှုတွေကို ကိုင်တွယ်ခဲ့မယ်ဆိုရင် အဲဒီတရားရုံးနဲ့ မျှဝေဖို့အတွက် ခိုင်မာတဲ့ သက်သေအထောက်အထားတွေ အသင့်ရှိနေမှာပါ။ IIMM က ဓါတ်ပုံ၊ ဗီဒီယိုနဲ့ စာရွက်စာတမ်းလို အချက်အလက်တွေ စုဆောင်းပြီး ရာဇဝတ်မှုအကြောင်း သိရှိတဲ့သူတွေနဲ့လည်း စကားပြောပါတယ်၊ ဒါမှသာ ဘာတွေဖြစ်ခဲ့တယ်၊ ဘယ်သူတွေက ဒီရာဇဝတ်မှုတွေအတွက် တာဝန်ရှိတယ်ဆိုတာကို စုံစမ်းနိုင်မှာဖြစ်ပါတယ်။

စုံစမ်းစစ်ဆေးသူက ဘာတွေ လုပ်ပါသလဲ။။

စုံစမ်းစစ်ဆေးသူက သင်ပြောပြတဲ့အတွေ့အကြုံတွေကို သေချာနားထောင်ပြီး အသေးစိတ်အချက်အလက်တွေအထိ ပြောသမျှကို ရေးမှတ်သိမ်းဆည်းရပါတယ်။ သူတို့က မေးခွန်းတွေ အများကြီး မေးမှာဖြစ်ပြီး သင်ပြောတဲ့အချက်အလက်တွေကို တရားခွင်မှာ အသုံးပြုလို့ရအောင် အပြန်ပြန်အလှန်လှန် သေချာမေးမြန်းမှာဖြစ်ပါတယ်။

စကားပြန်က ဘာတွေ လုပ်ပါသလဲ။

စကားပြန်ကတော့ IIMM နဲ့ သင်တို့ကြား ပေါင်းကူးပေးသူဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် တိုက်ရိုက်စကားပြောကြတယ်ဆိုပေမယ့် စကားပြန်က IIMM ဘက်က မေးတဲ့မေးခွန်းတွေကို သင်တို့ရဲ့ ဘာသာစကားနဲ့ ပြန်ဆိုပေးမှာဖြစ်ပြီး သင်တို့ရဲ့ ဖြေကြားချက်တွေကို အင်္ဂလိပ်ဘာသာစကားနဲ့ ပြန်ဆိုပေးမှာပါ၊ ဒါမှသာ ကျွန်ုပ်တို့ကြား ရှင်းရှင်းလင်းလင်း နားလည်နိုင်မှာဖြစ်ပါတယ်။

အထောက်အထားဆိုတာ ဘာလဲ။

အထောက်အထားဆိုတာ ဘာတွေဖြစ်ခဲ့တယ်၊ ဘယ်သူမှာတာဝန်ရှိတယ်ဆိုတာကို ပြနိုင်တဲ့ အချက်အလက်တွေဖြစ်ပါတယ်။ အထောက်အထားဆိုတာ လူတွေမြင်ခဲ့ကြားခဲ့တာတွေ၊ သူတို့ တွေ့ကြုံခံစားခဲ့တဲ့ အကြောင်းအရာတွေ ဖြစ်နိုင်သလို၊ စာရွက်စာတမ်းတွေ၊ ဓါတ်ပုံ၊ ဗီဒီယို၊ မြေပုံ၊ ဆေးမှတ်တမ်းတွေနဲ့ အခြားပစ္စည်းတွေလည်း ဖြစ်နိုင်ပါတယ်။

တရားရုံးဆိုတာဘာလဲ။

တရားရုံးဆိုတာ တရားသူကြီးတွေက သက်သေအထောက်အထားတွေကို အသုံးပြုပြီး လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု ဒါမှမဟုတ် အစိုးရအဖွဲ့တစ်ဖွဲ့ဟာ ရာဇဝတ်မှုတွေအတွက် တာဝန်ရှိမရှိ စီရင်ဆုံးဖြတ်တဲ့ နေရာဖြစ်ပါတယ်။ တရားရုံးလို့ဆိုရင် မြန်မာနိုင်ငံက တရားရုံးတွေအပါအဝင် ပြည်တွင်းအဆင့် ဒါမှမဟုတ် အိုင်စီဂျေလိုမျိုး နိုင်ငံတကာအဆင့် တရားရုံးတွေဖြစ်နိုင်ပါတယ်။ တရားရုံးတွေရဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း နှစ်ဖက်အဖွဲ့က သက်သေအထောက်အထားနှင့် ငြင်းခုံချက်တွေကို တရားသူကြီးတွေ ဆုံးဖြတ်ချက်မချခင် တင်ပြရပါတယ်။

ဒီအမှုတွေကို တရားရုံးတွေမှာ ကြားနာဖို့က နှစ်တွေအများကြီး ကြာနိုင်ပါတယ်။ ဒါကြောင့် သင်တို့ပြောပြထားတဲ့ အကြောင်းအရာတွေနဲ့ အခြားအထောက်အထားတွေကို အနာဂတ် လိုအပ်တဲ့အချိန်မှာ အသုံးပြုနိုင်အောင် လုံလုံခြုံခြုံ သိမ်းဆည်းမှတ်သားထားတာပါ။

သက်သေဆိုတာ ဘယ်သူလဲ၊ သက်သေထွက်ဆိုချက်ဆိုတာကရော ဘာလဲ။

သက်သေဆိုတာက သင်တို့လို မြင်ခဲ့တာ၊ တွေ့ကြုံခဲ့တာ ဒါမှမဟုတ် သိထားတာတွေကို ဝေမျှပေးသူ ဖြစ်ပါတယ်။ သက်သေထွက်ဆိုချက်ကတော့ သင်တို့ ပြောပြတဲ့ အကြောင်းအရာတွေကို ရေးသားထားတဲ့ မှတ်တမ်းဖြစ်ပြီး သင်တို့ ပြောပြပြီးတဲ့အခါ ဒီမှတ်တမ်းကို ပြန်လည်ဖတ်ပြမှာ ဖြစ်ပါတယ်။ ဒါမှသာ မှန်ကန်မှုရှိမရှိ စစ်ဆေးပြီး ပြန်လည် ပြင်ဆင်တာ၊ ကျန်ခဲ့တာတွေကို ဖြည့်စွက်တာတွေ လုပ်နိုင်မှာပါ။ ဒီထွက်ဆိုချက်မှာ ရေးသားထားတဲ့အချက်အလက်တွေဟာ IIMM ကိုပြောပြတဲ့ အကြောင်းအရာတွေနဲ့ မှန်ကန်စွာထင်ဟပ်နေပြီး သင့်အနေနဲ့ စိတ်ကျေနပ်မှုရှိပြီဆိုရင်တော့ ထွက်ဆိုချက်မှာ အတည်ပြု လက်မှတ်ထိုးဖို့လိုပါမယ်။ ဒီထွက်ဆိုချက်တွေဟာ မြန်မာနိုင်ငံမှာ ဘယ်လိုရာဇဝတ်မှုတွေ ကျူးလွန်နေတယ်ဆိုတာ တရားရုံးတွေ နားလည်စေနိုင်တဲ့အတွက် အရမ်းအရေးကြီးပါတယ်။

အကြောင်းအရာတစ်ခုခုကို မသိရင် ဒါမှမဟုတ် သတိမရတော့ရင် ဘယ်လိုလုပ်မလဲ။

အကြောင်းအရာတစ်ခုခုကို မသိဘူး ဒါမှမဟုတ် မမှတ်မိတော့ဘူးဆိုရင် မသိဘူး၊ မမှတ်မိတော့ဘူးလို့ ပြောလို့ရပါတယ်။ သင့်အနေနဲ့ ဖြစ်နိုင်တာတွေကို လိုက်ပြီး ခန့်မှန်းစရာမလိုပါဘူး။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကို ကိုယ်တိုင်တွေ့ကြုံခဲ့ရတာ မဟုတ်ဘဲ တခြားတစ်ယောက်ဆီကတဆင့် ကြားသိခဲ့တာဆိုရင်လည်း အဲ့ဒီအကြောင်းကို ပြောပြပေးပါ။
အခုလို အင်တာဗျူးမှာ ပါဝင်ဖြေကြားတာဟာ မိမိရဲ့ ဆန္ဒအလျောက်သာ ဖြစ်ပါတယ်။ သင့်အနေနဲ့ မေးခွန်းတွေ ပြန်မေးနိုင်သလို၊ ခဏရပ်တာ၊ မကြာခဏ နားတာ၊ အင်တာဗျူးကို အပြီးရပ်လိုက်တာမျိုး အချိန်မရွေး ဆောင်ရွက်နိုင်ပါတယ်။

အင်တာဗျူးဖြေဆိုတဲ့ကာလအတွင်းမှာ ဘယ်လို ပံ့ပိုးမှုတွေရနိုင်သလဲ။

စုံစမ်းစစ်ဆေးသူတွေဟာ သက်သေပံ့ပိုးရေးအဖွဲ့နဲ့ ပူးပေါင်းပြီး သက်သေတွေ နာမ်ရုပ်ကောင်းမွန်ကျန်းမာစေဖို့ ဆန်းစစ်ပါတယ်။ မေးမြန်းစုံစမ်းမှုတွေမတိုင်ခင် သင့်ရဲ့ အခြေအနေကို နားလည်ပြီး လုံခြုံရေးအတွက် လိုအပ်တဲ့အစီအမံတွေ ကြိုတင်ချလို့ရစေဖို့၊ အင်တာဗျူးကာလတလျှောက်လုံး နာမ်ရုပ်ကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေဖို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ခက်ခဲတဲ့အတွေ့အကြုံတွေကို ပြန်လည်ပြောဆိုရတဲ့အတွက် ဖြစ်လာနိုင်တဲ့ စိတ်ဖိစီးမှုတွေကို လျော့ချဖို့ ဦးတည်တဲ့ ပံ့ပိုးမှုတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။

“သိရှိနားလည်၍ပေးအပ်သော သဘောတူခွင့်ပြုချက်” နဲ့ “လျှို့ဝှက်စွာထားရှိမှု” ဆိုတာ ဘာလဲ။

သိရှိနားလည်၍ပေးအပ်သော သဘောတူခွင့်ပြုချက်ဆိုတာ IIMM အနေနဲ့ သင်တို့ဘက်က ဝေမျှလာတဲ့ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုအသုံးပြုမယ်ဆိုတာ ရှင်းပြပြီး သင်က ဒီအချက်အလက်တွေ အသုံးပြုဖို့အတွက် ခွင့်ပြုချက်ပေးတဲ့အခါ သက်တောင့်သက်သာရှိစွာ ဆုံးဖြတ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ IIMM အနေနဲ့ အချက်အလက်ပေးသူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာနဲ့ သူပြောပြတဲ့ အချက်အလက်တွေကို သီးခြားတရားရုံးတွေက အာဏာပိုင်တွေဆီ တဆင့်ပြန်လည်ဝေမျှခွင့်ရှိမရှိ ခွင့်ပြုချက်တောင်းပါမယ်။ အဲ့ဒီလို တဆင့်ပြန်လည်ဝေမျှတဲ့အခါမှာလည်း ဘာတွေပါဝင်မယ်ဆိုတာ သေချာရှင်းပြမှာပါ။ ဒါနဲ့ပတ်သက်ပြီး သင့်အနေနဲ့ မေးစရာတွေ ရှိရင် အချိန်မရွေး မေးမြန်းနိုင်ပါတယ်။ အခုလိုရှင်းပြပြီးလို့ အချက်အလက်တွေကို ဝေမျှဖို့ရာ သဘောတူတယ်ဆိုရင်တော့ သင်ပေးတဲ့အချက်အလက်တွေကို နောင်တချိန် တရားရုံးအမှုတွေမှာ ဒါမှမဟုတ် တခြား တရားရေးလုပ်ငန်းစဉ်တွေမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။
လျှို့ဝှက်စွာထားရှိမှု ဆိုတာကတော့ သင်ပြောပြတဲ့ အကြောင်းအရာတွေကို သေချာထိန်းသိမ်းထားပြီး အချက်အလက်ပေးသူရဲ့ ခွင့်ပြုချက်မရှိဘဲ သူက ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတဲ့အကြောင်းတွေကို ဘယ်သူ့ကိုမှ ပြောပြမှာ မဟုတ်ပါဘူး။ ဒါဟာ သင့်ရဲ့ လုံခြုံရေးကိုရော IIMM ရဲ့ စုံစမ်းစစ်ဆေးမှုကိုရော ကာကွယ်ဖို့အတွက် ဖြစ်ပါတယ်။ IIMM နဲ့ တွေ့ဆုံပြောဆိုတဲ့အကြောင်းကိုလည်း ဘယ်သူတစ်ဦးတစ်ယောက်နဲ့မှ တိုင်ပင်ဆွေးနွေးတာမျိုး မလုပ်ဖို့ အထူးအကြံပြုလိုပါတယ်။

အခုလို မျှဝေပေးလိုက်တဲ့အချက်အလက်တွေကို IIMM က ဘာဆက်လုပ်လဲ။

သင်တို့ မျှဝေတဲ့ အချက်အလက်တွေကို လုံခြုံစွာ ထိန်းသိမ်းထားပြီး တခြားက စုဆောင်းထားတဲ့အချက်အလက်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပါတယ်။ အချက်အလက်ပေးတဲ့သူတွေက သဘောတူတယ်ဆိုရင် သင့်လျော်တဲ့ အချက်အလက်တွေကို မြန်မာနိုင်ငံမှာ ကျူးလွန်နေတဲ့ ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးနေတဲ့ နိုင်ငံတွင်း ဒါမှမဟုတ် နိုင်ငံတကာအဆင့် အာဏာပိုင်တွေနဲ့ ဝေမျှသွားမှာပါ။ အခုလိုဝေမျှတဲ့နေရာမှာလည်း အချက်အလက်တွေကို လုံလုံခြုံခြုံ ထိန်းသိမ်းနိုင်ပြီး မျှတမှုရှိတဲ့ တရားရေးလုပ်ငန်းစဉ်မှာ အသုံးပြုမယ်လို့ ယုံကြည်ရမှသာ ဝေမျှမှာ ဖြစ်ပါတယ်။ အကယ်၍ သက်သေတွေနဲ့ ကျူးလွန်ခံရသူတွေရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး စိတ်ပူစရာရှိလာခဲ့ရင် သူတို့တွေ လုံခြုံစေဖို့၊ ကာကွယ်ပံ့ပိုးမှုပေးနိုင်ဖို့ ကြိုတင်စီမံချက်တွေ ရှိမရှိ စစ်ဆေးတာတွေလည်း ပါဝင်ပါတယ်။